# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၈ / ၂၀၁၈ )

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် ( ၈ /၂၀၁၈ )အား ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၈ /၂၀၁၈)တွင် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၃)ခု နှင့် အတည်ပြုလုပ်ငန်း(၇)ခု စုစုပေါင်းလုပ်ငန်း (၁၀)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပြုလုပ်ငန်း (၃)ခု မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပြီး အတည်ပြုလုပ်ငန်း (၇)ခုအနက် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂)ခု၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၄)ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု ရှိသဖြင့် ယခုအစည်းအဝေး ကာလ အတွင်း စုစုပေါင်းလုပ်ငန်း (၁၀)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈၅.၄၁၆) သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၄,၃၀၇)ဦးကို ဖန်တီးပေး မည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း(၁၀)ခုမှာ စက်မှုကဏ္ဍမှ (၇)ခု၊ ဟိုတယ်ကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၂)ခု ဖြစ် ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇွန်လ အထိ **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၅)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၈၂.၅၅၂)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါ အဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၃၈၅.၆၇၂ )သန်းနှင့် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁၀,၂၀၁)ဦးကို ဖန်တီးပေး ခဲ့ပါ သည်။

**အထူး စီးပွားရေးဇုန် ဥပဒေအရ** သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၈၂.၀၀၀) သန်း ခွင့်ပြုခဲ့သဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ

Email: dica@mptmail.net.mm
Website: www.dica.gov.mm

(၆)လ အတွင်း ဇွန်လ အထိ စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၄၉.၁၀၀) သန်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇွန်လအထိ **စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ** အမေရိကန်ဒေါ်လာ (၅၃၄.၇၇၂)သန်း ဖြစ်ပါသည်။

အစည်းအဝေး အမှတ်စဉ် ( ၈ / ၂၀၁၈ )တွင် **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု** အဆိုပြု လုပ်ငန်း (၂) ခုနှင့် အတည်ပြု လုပ်ငန်း(၉)ခု စုစုပေါင်းလုပ်ငန်း (၁၁) ခုကို ခွင့်ပြုခဲ့ပါသည်။ အဆိုပြုလုပ်ငန်း (၂)ခုမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။ အတည်ပြု လုပ်ငန်း (၉)ခုအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂)ခု၊ ကယားပြည်နယ် ရင်းနှီး မြှုပ်နှံမှုကော်မတီမှ (၂)ခု၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု၊ ဧရာဝတီတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခုနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ မှ (၃)ခု ရှိသဖြင့် စုစုပေါင်း ခွင့်ပြု၊ အတည်ပြုလုပ်ငန်း (၁၁)ခုမှ ရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန်ဒေါ်လာ (၁၂.၇၉၈)သန်း အပါအဝင် ကျပ် (၂၉,၇၉၆.၀၉၀)သန်း ခွင့်ပြုပေးခဲ့ ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း (၈၆၃)ခု ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၁၁)ခု မှာ အိမ်ရာ အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ(၁)ခု၊ အခြားကဏ္ဍ(၂)၊ ဟိုတယ်ကဏ္ဍ (၃)ခုနှင့် စက်မှုကဏ္ဍ (၅)ခုတို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇွန်လ အထိ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄၅)ခု၊ အမေရိကန် ဒေါ်လာ (၁၃၁.၁၂၆) သန်း အပါအဝင် ကျပ် (၆၈၈,၅၇၅.၆၈၉) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံ မှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၃၂.၂၇၄) သန်း အပါအဝင် ကျပ် (၆၉၈,၆၆၆.၆၈၉) သန်းခွင့်ပြုပြီးဖြစ်ပါသည်။